# PRESS RELEASE

## U.S. EMBASSY RANGOON

110 University Avenue, Kamayut Township, Rangoon, Burma

ချက်ချင်းထုတ်ပြန်ရန်
ဩဂုတ် ၁၂၊ ၂၀၁၉

**အမေရိကန်ပြည်ထောင်စုသို့ ခရီးသွားရာတွင် ပိုမိုလွယ်ကူစေရေးအတွက် အမေရိကန်သံရုံးဆောင်ရွက်ခြင်း**

ရန်ကုန်။ ။ မြန်မာနိုင်ငံနှင့်အမေရိကန်ပြည်ထောင်စုအကြား ခရီးသွားရာလာတွင် ပိုမိုလွယ်ကူစေရေးအတွက် နောက်ထပ်ခြေလှမ်းတစ်ခု ဆောင်ရွက်လိုက်သည့်အကြောင်း အမေရိကန်သံရုံးကကြေညာအပ်ပါသည်။ မြန်မာနိုင်ငံသားများအနေဖြင့် အမေရိကန်ပြည်ထောင်စုသို့ လုပ်ငန်းကိစ္စဖြင့်ရော အလည်အပတ်ခရီးအတွက်ပါ ခွင့်ပြုသည့် B1/B2 ပြည်ဝင်ခွင့်ဗီဇာကိုပေါင်း၍ လျှောက်ထားနိုင်ပြီဖြစ်ပါသည်။ တစ်ကြိမ် ပြည်ဝင်ခွင့်ဗီဇာသည် သုံးလအထိအကျုံးဝင်ပြီး ဗီဇာရလျှင်ထုတ်ယူရသည့်ကြေး ထပ်မံပေးဆောင်ရန်မလိုအပ်တော့ပါ။

"ကျွန်တော်တို့နိုင်ငံ နှစ်နိုင်ငံအကြား ခရီးသွားလာမှု ပိုမိုများပြားလာအောင် တည်ဆောက်တဲ့အနေနဲ့ အခုဆိုရင် မြန်မာနိုင်ငံကနေ အမေရိကန်ပြည်ထောင်စုကိုခရီးသွားလာမှု ပိုမိုလွယ်ကူအောင် အမေရိကန်သံရုံးကဆောင်ရွက်နေပါပြီ" ဟု အမေရိကန်သံအမတ်ကြီး စကော့မာစီရယ်က ပြောပါသည်။ အမေရိကန်ပြည်ထောင်စုနှင့်မြန်မာနိုင်ငံအကြား ခရီးသွားလာမှုသည် မကြာသေးမီနှစ်များအတွင်း သိသိသာသာ များပြားလာခဲ့ပါသည်။ အမေရိကန်သံရုံးအနေဖြင့် ၂၀၁၈ ခုနှစ်အတွင်း မြန်မာနိုင်ငံသားများအတွက် ပြည်ဝင်ခွင့်ဗီဇာ ၁၄၀၀၀ နီးပါး ထုတ်ပေးခဲ့ရသည်ဖြစ်ရာ ၂၀၁၅ ခုနှစ်ကထက် ၄၀ ရာခိုင်နှုန်းတိုးလာခဲ့ခြင်းဖြစ်ပါသည်။ ၂၀၁၇/၂၀၁၈ ကျောင်းဖွင့်ရာသီအတွင်း မြန်မာကျောင်းသူ၊ ကျောင်းသား ၁၅၀၀ ကျော် အမေရိကန်ပြည်ထောင်စုတွင် ကျောင်းတက်ခဲ့ကြပါသည်။ ယင်းမှာ ယခင်နှစ်ကနှင့် နှိုင်းယှဉ်လျှင် ၁၆ ရာခိုင်နှုန်းတိုးလာခဲ့ခြင်းဖြစ်ပါသည်။

ယခင်နှစ်အတွင်း မြန်မာနိုင်ငံသို့လာရောက်သော အမေရိကန်ခရီးသွား အရေအတွက်မှာလည်း တိုးလာခဲ့ပါသည်။ ၂၀၁၉ ခုနှစ် ပထမနှစ်ဝက်အတွင်း အမေရိကန်နိုင်ငံသား ၃၅၀၀၀ မြန်မာနိုင်ငံသို့လာရောက်ခဲ့ရာ ၂၀၁၈ ခုနှစ် ပထမနှစ်ဝက်နှင့်နှိုင်းစာလျှင် သုံးရာခိုင်နှုန်း တိုးလာခဲ့ခြင်းဖြစ်ပါသည်။ အမေရိကန်ပြည်ထောင်စုသည် မြန်မာနိုင်ငံသို့လာရောက်မှုအများဆုံး ထိပ်ဆုံး ငါးနိုင်ငံစာရင်းတွင် တောက်လျှောက်ပါဝင်နေပါသည်။ အာရှနိုင်ငံမဟုတ်သည့် အခြားနိုင်ငံများနှင့်နှိုင်းယှဉ်ပါက အမေရိကန်ပြည်ထောင်စုသည် မြန်မာနိုင်ငံသို့လာရောက်မှု အများဆုံးနိုင်ငံဖြစ်ပါသည်။

နှစ်နိုင်ငံအကြား ခရီးသွားလာမှု ပိုမိုလွယ်ကူချောမွေ့ရေးအတွက် အမေရိကန်သံရုံးသည် မြန်မာနိုင်ငံ အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ တစ်ပေါင်းတည်းလျှောက်၍ရသော ပြည်ဝင်ခွင့်ဗီဇာအသစ်သည် မြန်မာနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုအကြား ပိုမိုနီးကပ်သောဆက်ဆံရေးကို အားပေးရာရောက်မည်ဖြစ်ပါသည်။

###